# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ပြင်ဆင်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ၈၆ /၂၀၂၅

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၇ နည်းဥပဒေခွဲ(က) နည်းဥပဒေခွဲငယ်(၃) နည်းဥပဒေခွဲငယ်စိတ်(cc)တွင် ခြွင်းချက်အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

**"ခြွင်းချက်။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပါဝင်သော မဲဆန္ဒနယ်အတွင်းရှိမြို့နယ်များအတွက်ဖြစ်လျှင် ရွေးကောက် တင်မြှောက်ခံရသည့် သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာမြို့နယ်၏ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးစားပေးသတ်မှတ်ပေးရမည်။"

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ နည်းဥပဒေ ၉၉ နည်းဥပဒေခွဲ(က) ပါ "သိမ်းတစ်ရာ့ငါးဆယ်" ဆိုသည့်စကားရပ်ကို "သိမ်းသုံးရာ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ နည်းဥပဒေခွဲ(ခ)ပါ "သိမ်းသုံးရာ" ဆိုသည့်စကားရပ်ကို "သိမ်းငါးရာ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်